မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## တရားရုံးချုပ်၊ ရန်ကုန်မြို့ ၂၀၀၇ ခုနှစ် ပြစ်မှုပြင်ဆင်မှု အမှတ် ၅၉၁ (ခ) " ဦးတင်ဌေးနှင့် နိုင်ငံတော်" အမှုအား ပြင်ဆင်မှုလျှောက်ထားချက်အပေါ် တရားရုံးချုပ် ၊ ရန်ကုန်မှ ပယ်ချခဲ့သည့်အမိန့်အား ဥပဒေကြောင်းအရသုံးသပ်ခြင်း

### အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ညောင်ကုန်းမြို့နယ်၊ ၅ ရပ်ကွက်၊ စက်ကြီးလမ်း အမှတ် ၁၇၅ နေ ကိုသန်းထွန်းနေအိမ်သို့ တာဝန်အရ ဟုဆိုကာ (၂၀၊ ၃၊ ၂၀၀၇) နေ့က ဝင်ရောက်ရှာဖွေခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းမိသားစုဓာတ်ပုံ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံခြားသားတစ်ဦးတွဲလျှက်ဓာတ်ပုံနှင့် ဆင်ဆာမဲ့ ဒီဗွီဒီ တချပ် (ဗိုလ်ချုပ်မှူးကြီး၏ သမီးမင်္ဂလာဆောင်)တို့ကို သိမ်းဆည်းသွားခဲ့သည်။ နောက်နေ့ (၂၁၊ ၃၊ ၂၀၀၈) နေ့တွင် သန်ထွန်းအိမ်ကိုရှာဖွေရာ ဆင်ဆာမဲ့မြန်မာ၊ နိုင်ငံခြား ဗွီစီဒီချပ် (၁၁၇)ချပ်။ ဗွီဒီယိုတိတ်ခွေ (၂)ခွေ တို့အား ထပ်မံ သိမ်းဆည်းပြီး ကိုသန်းထွန်းအား (၂၂၊၃၊ ၂၀၀၇) နံနက် ၈ နာရီခန့်တွင် စခန်းသို့ထပ်မံခေါ်ဆောင်သွားခဲ့သည်။

၎င်းနေ့ (၂၂၊ ၃၊ ၂၀၀၇) မွန်းတည့် (၁၂)နာရီခန့်တွင် ၅ ရပ်ကွက် ၁ လမ်းနေ ကိုတင်ဌေးနေအိမ်သို့ ညောင်တုန်းရဲစခန်း (ပ) ၁၃၇/၀၇ ဗီဒီယိုအက် ၃၂(ခ)/၃၆အမှုနှင့် ပတ်သက်၍ ဆက်စပ်ပစ္စည်းများရှာဖွေရန်ဟုဆိုကာ ဒုရဲအုပ် ဇော်မိုးနိုင်နှင့် အဖွဲ့က ဝင်ရောက်ရှာဖွေခဲ့သည်။ ဗွီစီဒီ ချပ်များအား ကိုတင်ဌေးအိမ်ရှိ ဗွီစီဒီစက်ဖြင့်စစ်ဆေးခဲ့ပါသည်။ ထိုသို့စစ်ဆေးနေစဉ် ကိုတင်ဌေးကိုင်လိုက်ရာမှ ကျိုးပဲ့သွားသော တရုတ်စာတန်းပါ ဗွီစီဒီတချပ်ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်မှ လွဲ၍ အခြားမည်သည့် သက်သေခံပစ္စည်းကိုမျှ သိမ်းဆည်းရမိခြင်းမရှိဘဲပြန်သွားခဲ့သည်။ ယင်းနေ့ မွန်းလွဲ (၁) နာရီခန့်တွင် ကိုတင်ဌေးအား ရဲစခန်းသို့ခေါ်သွားခဲ့ပါသည်။

(၂၃၊ ၃၊ ၂၀၀၇) နေ့တွင် ညောင်တုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးဆုံးဖြတ်ချက်အရ စခန်းမှူးရဲအုပ်ကျော်မြသန်းက သန်းထွန်းနှင့် တင်ဌေးတို့၏ လုပ်ဆောင်ချက်များအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၅ (ခ) အရ အရေးယူပေးပါရန် ညောင်တုန်းမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားရာမှ ပြစ်မှုကြီး အမှတ် ၃၁၉ / ၂၀၀၇ ဖြင့်ပေါ်ပေါက်ခဲ့သည့်အမှုဖြစ်သည်။

(၂၅၊ ၃၊ ၂၀၀၇) နေ့တွင် ညောင်တုန်းမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ)အရ အလုပ်နှင့် ထောင်ဒဏ် (၂)နှစ်တိတိစီ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

၎င်းအမိန့်ကို မကျေနပ်၍ မအူပင်ခရိုင်တရားရုံးတွင် ပြစ်မှု အယူခံအမှတ် ၁၇/၂၀၀၇ ဖြင့်အယူခံတင်သွင်းခဲ့ရာ (၁၊ ၆၊ ၂၀၀၇)နေ့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းတရားရုံးတွင် ပြစ်မှုပြင်ဆင်မှုအမှတ် ၁၆၆/၂၀၀၇ ဖြင့်ပြင်ဆင်မှုတင်သွင်းခဲ့ရာ (၂၅၊ ၆၊ ၂၀၀၇) ရက်နေ့တွင်လည်းကောင်း အသီးသီး အကျဉ်းနည်း ပလပ်ခဲ့ပါသည်။ ထို့ကြောင့် ယင်းအမှုကို တရားရုံးချုပ် ရန်ကုန်မြို့သို့ (၁၇၊ ၁၊ ၂၀၀၈) နေ့က ပြင်ဆင်မှု လျှောက်ထားခဲ့ခြင်းအပေါ် ပယ်ချခဲ့ပါသည်။

### ချမှတ်သည့်ပြစ်မှုပုဒ်မ မူရင်းအဓိပ္ပါယ်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ)ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ – "ပုဒ်မ – ၅၀၅ – မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလဟာလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင် –

(ခ) နိုင်ငံတော်အစိုးရကို ဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ၊ ထိခိုက်သည့် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူတစ်စု ကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်ခုခုဖြစ်စေရန်အကြံရှိလျှင် (သို့တည်းမဟုတ်) ထိုသို့ဖြစ်တန်ရာသည့် အကြောင်းရှိလျှင် –
ထိုသူကို နှစ် နှစ်ထိထောင်ဒဏ် တမျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟုဖော်ပြထားသည်။

## ညောင်တုန်းမြို့နယ် တရားရုံးမှ အပြစ်ရှိကြောင်းသုံးသပ်ချက်

၁။ တရားခံသန်းထွန်း၏ ထွက်ဆိုချက်ဖြင့် တရားခံတင်ဌေးအိမ်တွင် ရှာဖွေစမ်းသပ်နေစဉ် သက်သေခံ စီဒီခွေအား စစ်ဆေးမခံလို၍ ချိုးပစ်ဖျက်စီးခြင်းဖြစ်သည်ဟု သုံးသပ်ခဲ့သည်။ တင်ဌေးသည် ၎င်းအိမ်၌ စစ်ဆေးနေစဉ် အချပ်ပြားအား ချိုးပစ်ခဲ့ခြင်းသည် စစ်ဆေးမခံလိုသော မခံနိုင်သောအထားရှိသော တနည်းအားဖြင့် ပြစ်မှုတစုံတရာ ထင်ရှားပေါ်ပေါက်မည့် အနေအထား ဖြစ်သော အချပ်ဖြစ်၍ ဟုသုံးသပ်ခဲ့သည်။ တင်ဌေးသည် ၎င်းနှင့်ရန်ညိုးမရှိသော သန်းထွန်း၏ ပြောပြချက်အရ ၎င်းအိမ်တွင်ရှာဖွေရာတွင် ရှာဖွေစစ်ဆေးနေသည့် အကြောင်းအရာ ဖြစ်သည် လေဆာပြားအား အဓိကထား ရှာဖွေနေသည်ဖြစ်ရာ လေဆာပြားတစ်ချပ်အား ချိုးပစ်လိုက်သည်လည်း ဆက်နွယ်မှုရှိနေကြောင်းသုံးသပ်ကာ ၎င်း၏ ပြုမူဆောင်ရွက်မှုသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်ကျူးလွန်ချင်လာရန် ဆင့်ပွားကူးယူမှုများပြုကြောင်း ထင်ရှားသည်ဖြစ်၍ အပြစ်ရှိကြောင်း သုံးသပ်ခဲ့သည်။

### ဥပဒေကြောင်းအရ သုံးသပ်တင်ပြချက်

၁။ ကိုတင်ဌေးထံမှ သိမ်းဆည်းရမိသည့် (ကိုင်လိုက်ရာမှ ကျိုးပဲ့သွားသော) တရုတ်စာတမ်းပါ ဗွီစီဒီတချပ်ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပါသည်။ ၎င်း ဗွီစီဒီအခွေတွင်ပါသည့် အချင်းဖြစ်အကြောင်းအရာများပါဝင်ကြောင်းတင်ပြထားနိုင်ခြင်းလုံးဝ မရှိပါ။ ထိုအခွေမှာ သီချင်းခွေဖြစ်ပါသည်။

အမှုသက်သေခံအဓိကအစိပ်အပိုင်းဖြစ်သည့် ဗွီစီဒီခွေတွင် မည်သည့်အချင်းဖြစ်အကြောင်းအရာများပါဝင်ကြောင်းတင်ပြရမည့်တာဝန်မှာ သက်သေခံဥပဒေပုဒ်မ ၁၀၁ အရ သက်သေပြရန်တာဝန်မှာ တရားလိုဘက်တွင် အစဉ်အမြဲရှိပါသည်။ ရုံးသက်သေခံချက်တွင် လုံးဝတင်ပြထားနိုင်ခြင်းမရှိဘဲ ပြစ်ဒဏ်ပေးထားခြင်းမှာ “ပြစ်မရှိသူတဦးအား ပြစ်ဒဏ်ပေးခြင်းသည် အပြစ်ရှိသူ ၁၀ ဦးအားပြစ်ဒဏ်မှလွတ်ခြင်းထက် အပြစ်ကြီးသည်” ဆိုသော တရားဥပဒေစိုးမိုးရေးအခြေခံမှုကို ချိုးဖောက်လိုက်ခြင်းဖြစ်သည်။

၂။ သက်သေခံပစ္စည်း ဗွီစီဒီခွေတွင် အမှုဖြစ်အကြောင်းအခြင်းအရာ ပုဒ်မနှင့် စပ်ဆိုင်ညှိစွန်းသည့် သက်သေခံချက် တစွန်းတစမျှ မတွေ့ရှိပါ ဘဲလျှက် ၅၀၅ (ခ) ပုဒ်မဖြင့် အရေးယူတရားစွဲဆိုပြစ်ဒဏ်ပေးခြင်းမှာ လုံးဝဥပဒေနှင့် ကိုက်ညီခြင်းမရှိပါ။

၃။ သက်သေခံပစ္စည်း ဖျောက်ဖျက်မှု စွဲဆိုထားခြင်းမရှိပါဘဲ ကျိုးပဲ့သွားသော သက်သေခံ စီဒီအချပ်ပြား တခုတည်းအပေါ် သုံးသပ်၍ မူလရုံးမှ ပြစ်ဒဏ်ပေးထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိမရှိ ပြန်လည်သုံးသပ်ရမည့် အရေးယူလောက်သော ဥပဒေ ပြဿနာတရပ်ဖြစ်သည်။။

၄။ ၂၀၀၀ ခုနှစ်တရားစီရင်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၅ (င)အတိုင်း ဆောင်ရွက်ရန်ပျက်ကွက်ပြီးအမှုကို ပယ်ချခဲ့ခြင်းသည် တာဝန်ပျက်ကွက်မှုဖြင့် တရားဥပဒေစိုးမိုးအခြေခံများကို ချိုးဖောက်လိုက်ခြင်းဖြစ်ကြောင်းသုံးသပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ　　　　　　　　　　　　နေ့စွဲ – မတ် (၁၉) ရက် ၂၀၀၈ ခုနှစ်
ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့

အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန် –
ဦးမျိုး (ဖုံး – ၀၈၆ ၂၁၆၀၁၀၈)
တာဝန်ခံ
ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့